
ဘာသာပြန် စာရေးဆရာ - 8Black Hands
သက်တန့်ရောင်မိန်းမပျို
(ယွီရှောင်ချောင်း)
(Chapter 631 - 644)
စာစဉ် - ၄၆

## အပိုင်း ၆၃၁
## မိန်းကလေးတစ်ယောက်ကို စနောက်ခြင်း

"မိန်းမလှလေး၊ အဲ့လိုကြီး ဆက်ကြည့်နေမယ်ဆိုရင် ဒီသခင်လေး ရှက်လာပြီနော်! ဘယ်တုန်းကများ ကျွန်တော်တို့ မြို့တော်က မိန်းမပျိုလေးတွေ အရမ်း ဖော်ရွေပြီး ရဲတင်းသွားကြပါလိမ့်?"

ထိုသခင်လေးက အပြုံးသဲ့သဲ့လေး ပြုံးပြလာတာကြောင့် သူ့နှုတ်ခမ်းဘေးရှိ ပါးချိုင့်ရေးရေးလေးကို မြင်လိုက်ရသည်။ သူ့အသံက နိမ့်ပေမယ့်လည်း ဒီလှည့်စားမှုက အသေးစိတ်လေးတွေကအစ အမြဲတမ်း သတိပြုမိတတ်တဲ့ ယွမ်ရှယ်ယန်ရဲ့ စူးရှလှတဲ့ မျက်လုံးတွေကိုတော့ မဖုံးကွယ်နိုင်ပေ။

"ဘာပြောတယ်!"

ဟယ်ဝမ်နင်က လူငယ်လေးရဲ့ ပေါ့ပျက်ပျက် ရန်စကားတွေကို ကြားလိုက်ရသည်နှင့် ချက်ချင်း ဒေါသထွက်လာပြီး ပေါက်ကွဲတော့သည်။

"ဒီလောက် အသက်ငယ်ငယ်လေးနဲ့ မိုက်ရိုင်းလိုက်တာ! ငါ့သူငယ်ချင်းကို လာစရဲတယ်ဆိုတော့ မင်းက တော်တော် သတ္တိရှိနေတာပဲ။ ဒီနေ့ မင်းမိဘတွေအစား မင်းကို ဆုံးမပစ်မယ် ကောင်စုတ်လေးရဲ့!"

"အိုးဟိုးဟိုး! ဒီသခင်လေး အရမ်းကို ကြောက်သွားပါပြီဗျာ! ခင်ဗျားမှာ အရည်အချင်းရှိရင် လာခဲ့စမ်းပါ။ ခင်ဗျားက ခင်ဗျား သူငယ်ချင်းလောက် မလှပေမယ့်လည်း ကျွန်တော့်မျက်လုံးကိုတော့ ဖမ်းစားနိုင်ပါသေးတယ်! ဒီသခင်လေးရဲ့ လက်မောင်းထဲကို ပြေးဝင်လာတာနဲ့ ဝမ်းပန်းတသာ လက်ခံ

ပေးမှာပါဗျာ!"

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားတဲ့ ထိုသခင်လေးက သူ့လက်ထဲမှာရှိတဲ့ ယပ်တောင်ကို ဖြန့်လိုက်သည်။ 'တစ်မိုးအောက် အချောမောဆုံး' ဆိုတဲ့ စာသားကိုပင် ယပ်တောင်ပေါ်မှာ ရေးထားသည်။ လူငယ်လေးက ယပ်တောင်ကို ပြဇာတ်ဆန်ဆန် အမူအရာတစ်ခုနဲ့ ဝှေ့ရမ်းလိုက်ပြီး သူ့ မျက်နှာပေါ်ရှိ အပြုံးကြီးကို ဖုံးကွယ်ထားလိုက်သည်။

"ယွီ! ရှောင်! ချောင်း! နင့်ဖင်ကို ကြွလာခဲ့စမ်း! ဒီကို အမြန်လာခဲ့!"

ယွမ်ရွှယ်ယန်က အဖြူရောင်ဝတ်စုံနဲ့ လူငယ်လေးကို လက်ထဲမှာရှိတဲ့ ကြာပွတ်နဲ့ အပြေး သွားရိုက်တော့မယ့် ဟယ်ဝမ်နင်အား တားပြီး နားနေဆောင်ထဲက ကောင်လေးကို အော်ခေါ်လိုက်သည်။

"ယွီရှောင်ချောင်း? အဲ့ကောင်စုတ်လေးက ငါတို့ညီမလေး ရှောင်ချောင်းလို့ ပြောနေတာလား? ဒါမဖြစ်နိုင်ဘူးလေ ဟုတ်တယ်မလား? ညီမလေးရှောင်ချောင်းရဲ့ အသားရေက ဖောက်မြင်ရမတတ် နုဖက်နေတာလေ။ သူလည်း အသားအရေနုပေမယ့် သူ့အသားရောင်က နှစ်ဆလောက် ပိုညိုတယ်လေ! မျက်လုံးတွေကလည်း မတူပါဘူးနော်။ ညီမလေးရှောင်ချောင်းရဲ့ မျက်လုံးတွေက ကြီးကြီးဝိုင်းဝိုင်းတွေ။ သူ့မျက်လုံးတွေက ကြီးပေမယ့် အပေါ်ကို ချွန်တက်သွားတာ..."

ဟယ်ဝမ်နင်က အဖြူရောင်ဝတ်ထားတဲ့ သခင်ငယ်လေးနဲ့ ရှောင်ချောင်းကြားက တူညီမှုတွေကို ရှာဖို့ ကြိုးစားရင်း ထိုကောင်လေးရဲ့ သွင်ပြင်ကို သေချာဆန်းစစ်လိုက်သည်။ သူတို့နှစ်ယောက်က တူသလိုလို ရှိတာကိုတော့ သူမ ဝန်ခံရလိမ့်မည်။

"ကျန်းဟူလောကမှာ 'ရုပ်ပြောင်းရုပ်လွဲ အနုပညာ'ဆိုတဲ့ ထူးဆန်းတဲ့ စွမ်းရည်တစ်မျိုး ရှိတယ်။ ပုံပန်းသွင်ပြင် ပြောင်းသွားပေမယ့် အဲ့ဒီလူဆီကရတဲ့

အငွေ့အသက် ခံစားချက်ကတော့ တော်တော်လေး တူနေတုန်းပဲ။ နင်က သစ်သားတုံးကြီးလို ပိန်းနေလို့သာ သတိမထားမိတာ!"

ယွမ်ရှယ်ယန်တစ်ယောက် မနေနိုင်ဘဲ သူမသူငယ်ချင်းကောင်းဖြစ်သူကို စကားနဲ့ ဖွဲ့လိုက်သည်။

"သွားပါပြီ သွားပါပြီ! တန်းပြီးကို အဖော်ခံလိုက်ရတာပဲ! ပျော်ဖို့လည်းမကောင်းဘူး!"

ယွီရှောင်ချောင်းက သူမလက်ထဲမှ ယပ်တောင်ကို ခေါက်သိမ်းလိုက်ကာ နားနေဆောင်ပေါ်မှာ သူမ ထိုင်နေခဲ့တဲ့ ကျောက်တုံးထိုင်ခုံကနေ ထရပ်လိုက်သည်။ သူမက လေ့ကားထစ်တွေကို ခပ်မြန်မြန် ကျော်ဆင်းကာ အစ်မကြီး နှစ်ယောက်ထံသို့ စပ်ဖြဲဖြဲမျက်နှာနဲ့ သွားလိုက်သည်။

"တကယ်ကြီးနင်ပေါ့?!"

ဟယ်ဝမ်နင်က လက်ထဲမှ ကြာပွတ်ကိုသိမ်းကာ ရှေ့ကိုအမြန်သွားလိုက်သည်။ သူမက ရှောင်ချောင်းကို တစ်ပတ် နှစ်ပတ်လည်ကာ အပေါ်အောက် စုန်ချည်ဆန်ချည်ကြည့်ပြီး စုတ်သပ်ကာ ပြောလိုက်သည်။

"နင့်ပုံစံကို ဘယ်သူပြောင်းပေးလိုက်တာလဲ? တကယ်ကို လက်ရာကောင်းပဲ။ မိန်းကလေးတစ်ယောက်လို့ လုံးဝကို မထင်ရဘူး။ ပြောရရင် မိဘတွေ အလိုလိုက်ထားလို့ မာနကြီးပြီး ဆိုးသွမ်းနေတဲ့ သခင်လေးတစ်ယောက်အတိုင်းပဲ"

"သေချာတာပေါ့! ဒီသခင်လေးရဲ့ ပတ်ပတ်လည်မှာ အရည်အချင်းရှိတဲ့သူတွေ ပေါတယ်လေ! ဒီတော့ ကျွန်တော် မရှာနိုင်တဲ့သူဆိုတာ မရှိဘူး!"

ယွီရှောင်ချောင်းက သူမနှာခေါင်း ကောင်းကင်ကို ထိလုမတက် မော်ကြွားစွာနဲ့ ခေါင်းမော့ထားသည်။

ယွမ်ရှယ်ယန်က ယပ်တောင်နဲ့ သူမနောက်စေ့ကို ချလိုက်ကာ ရှုတည်တည် လေသံနှင့်

"သခင်လေးက ဘယ်မိသားစုကပါလဲ? ဒီအစ်မကြီးတွေကို စနောက်ဖို့ ဘယ်သူကများ သတ္တိတွေ ပေးလိုက်ပါလိမ့်?"

"အိုက်ယိုး! အစ်မကြီးယွမ်၊ ခင်ဗျားက တော်တော်လေးရက်စက်တာပဲ! အမျိုးသမီးတွေက ယောကျ်ားတစ်ယောက်ရဲ့ ခေါင်းကို မရိုက်သင့်ဘူးဆို တာ မသိဘူးလား? ပြီးတော့ မင်းတို့ကောင်တွေ! ဘယ်လိုများ ငါ့ ကိုယ်ရံတော်တွေ ဖြစ်နေကြတာလဲ? မင်းတို့သခင် တိုက်ခိုက်ခံရတာကို ကာကွယ်ဖို့တောင် မကြိုးစားကြဘူး!!"

ယွီရှောင်ချောင်းက ဆန့်ကျင်ဘက်လိင်အဖြစ် ရုပ်ပြောင်းထားတဲ့ ချွန်းဟွားနဲ့ ချိုးရှစ်တို့ကို လှည့်ဟောက်လိုက်သည်။ သို့ပေမယ့် သူမမျက်လုံးထဲက ရွှင်မြူးရိပ်ကတော့ နည်းနည်းလေးပင် လျော့မသွားချေ။

ချွန်းဟွားနဲ့ ချိုးရှစ်တို့က ရယ်ပြီး ပြန်ဖြေလိုက်ကြသည်။

"သခင်လေး၊ ကျွန်တော်တို့ မှားပါတယ်!"

"ယောကျ်ားတစ်ယောက်ရဲ့ ခေါင်းကို ထိလို့ မရဘူး ဟုတ်လား? အေး ငါကတော့ ဂရုမစိုက်ဘူး။ ထိမှာပဲ ကိုင်မှာပဲ ငလိမ်ကောင်လေးရဲ့!"

ဟယ်ဝမ်နင်က ရှေ့ထွက်လာပြီး သူမအရပ်ကြီးနဲ့ အသာစီးယူကာ ရှောင်ချောင်းခေါင်းပေါ်ကို လက်နဲ့ ဖွပစ်သည်။ မူလက ဆံပင်မွှေးတစ်မွှေးတောင် နေရာမလွဲတဲ့ ရှောင်ချောင်းခေါင်းက အခုတော့ ငှက်သိုက်တစ်ခုလို ရှုပ်ပွသွားလေပြီ။

သူငယ်ချင်းသုံးယောက်က စရင်းနောက်ရင်း ရယ်မောကြပြီးနောက် နားနေဆောင်ထဲမှာ ဝင်ထိုင်လိုက်ကြသည်။ ဟယ်ဝယ်နင်က ယပ်တောင်ကို

ဟိုရမ်းဒီရမ်း လုပ်နေတဲ့ ရှောင်ချောင်းရဲ့ ယုံကြည်မှုရှိပြီး အေးဆေးတဲ့ပုံစံကို အားကျစိတ်တွေဖြစ်လာရင်း လေသံပျော့လေးနဲ့ ပြောလိုက်သည်။

"ညီမလေးရှောင်ချောင်း၊ ငါလည်း ယောကျ်ားလေးပုံစံ ရုပ်ဖျက်လို့ ရနိုင်မယ်ထင်လား? အဲ့လိုဆို အပြင်ထွက်ရတာ ပိုအဆင်ပြေမယ်ထင်တယ်!"

"အစ်မဟယ်၊ အစ်မက ကိုယ့်ကိုယ်ကို ရုပ်ဖျက်စရာ လိုသေးလို့လား?"

ယွီရှောင်ချောင်းက ဟယ်ဝမ်နင်ကို အံ့အားတကြီးပုံစံနဲ့ ငေးကြည့်လိုက်သည်။ သူမမျက်လုံးထဲက ရွှင်မြူးမှုကိုတော့ ဖုံးကွယ်မထားနိုင်။

ဟယ်ဝမ်နင်က နားမလည်တဲ့ အမူအရာတစ်ခုနဲ့ မေးလိုက်သည်။

"နင်ဘာကို ဆိုလိုတာလဲ?"

ယွမ်ရွှယ်ယန်က ချက်ချင်းပဲ နူတ်ဆားတစ်လက် ဝင်စိုက်လိုက်ပြန်သည်။

"သူပြောတာ နင့်ပုံစံက ယောကျ်ားဆန်အောင် ရုပ်ဖျက်နေစရာတောင် မလိုဘူးလို့ ပြောနေတာ!"

"ကောင်မစုတ်လေး၊ နင်ကသာ ယောကျ်ားဆန်တဲ့သူ! ကြည့်နေ့ နင်ငါ့လက်က မလွတ်စေရပါဘူး..."

ဟယ်ဝမ်နင်က မျက်နှာပေါ်မှာ လူယုတ်မာပြုံးတစ်ခုနဲ့ သူမလက်နှစ်ဖက်ကို ဆန့်ထုတ်ပြီး ရှောင်ချောင်းဆီကို ဖြည်းဖြည်းချင်း တိုးကပ်လာသည်။

"ဟိုမှာ! အစ်မကောင်လေး လာနေပြီ!!"

စစ်ပွဲမှာ လှည့်စားမှုများတယ်ဆိုတာမျိုး မရှိပေ။ ယွီရှောင်ချောင်းက မြို့တော်ဘက်ကို ကဗျာကယာ လက်ညှိုးထိုးပြလိုက်တဲ့အခါ ဟယ်ဝမ်နင်ရဲ့ အာရုံက ချက်ချင်းလက်ငင်း ဦးတည်ချက် ပြောင်းသွားတော့သည်။

"အာ? သူတို့တပ်ဖွဲ့အလယ်က ကောင်မလေးက နင်နဲ့ တော်တော်ဆင်တာပဲ! သူ့မျက်လုံးတွေက အရမ်း ကြီးပြီး အသားကလည်း ဝင်းလို့။ အရောင်

တောက်တောက် အဝတ်အစားတွေကိုတောင် ဝတ်ထားတာပဲ။ ငါသာ နင်နဲ့ အရမ်း မရင်းနှီးရင် သူ့ကို နင်လို့ထင်လိုက်မိမှာ!"

ဟယ်ဝမ်နင်က မြင်းအကြီးကြီးပေါ်မှာ မားမားမတ်မတ် ထိုင်လာတဲ့ လုဟောင်ကို အရင် ကြည့်လိုက်သည်။ သူ့ပုံစံက အတော်လေး သန်မာတောင့်ဖြောင့်ပြီး ခန့်ညားနေသည်။ သူမအကြည့်ကို ရှေ့လိုက်တဲ့အခါ ရင်းနှီးသလိုလိုရှိတဲ့ သေးငယ်နူးညံ့တဲ့ ပုံရိပ်တစ်ခုကို သတိထားမိပြီး အံ့အားသင့်မှုကြောင့် သူမမျက်လုံးတွေ ပြူးကျယ်သွားသည်။

ယွီရှောင်ချောင်းကလည်း သူမသူငယ်ချင်း ကြည့်တဲ့ဘက်ကို ကြည့်လိုက်သည်။ သူမက သစ်သီးချိုချဉ်လေးကို ဝါးစားရင်း အံ့သြတဲ့ အမူအရာနှင့်

"ဝိုး! နောက်ဆုံးတော့ အရာရှိယွီက ဘယ်လိုပုံဆိုတာ မြင်ခွင့်ရခဲ့ပြီပဲ။ တကယ်ကို ကောလဟာလတွေအတိုင်းပါပဲလား။ သူ့ပုံစံက ခေါက်ဆွဲအိုးထဲက ဆယ်ခါစ ခေါက်ဆွဲဖတ်ရဲ့အရောင်လို နုဖတ်နေရောပဲ"

"ခွီး__"

ဟယ်ဝမ်နင်က ထရယ်ပြီး သူမကို လက်ညှိုးထိုးကာ ပြောလိုက်သည်။

"ခေါက်ဆွဲအိုးထဲက ဆယ်ခါစ ခေါက်ဆွဲဖတ်ရဲ့ အရောင်? ကိုယ့်ကိုယ်ကို ဒီလိုပိုးစိုးပက်စက် ခိုင်းနှိုင်းတဲ့သူ ရှိသေးလို့လား? နေပါဦး...နင်...နင်... ဘာတွေ လုပ်နေတာလဲ? အဲ့အတုမလေးက အရာရှိယွီဆိုတော့ နင်က ဘယ်သူလဲ?"

"ကျွန်တော်လား? ဒီသခင်လေးက အလှလေးနှစ်ယောက်ကို အပန်းဖြေခရီး ခေါ်သွားပေးမှာလေ။ ရှုခင်းတွေ ကြည့်မယ်၊ မြက်ရိုင်းလွင်ပြင်ရဲ့ အလှတရားတွေကို ခံစားမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်က မင်းသားဆာအိမ်တော်ရဲ့ အငယ်ဆုံးသားတော်လေး တော်ဝင်မင်းသားကော လေ!"

ထပ်ပြီးတော့ ရှောင်ချောင်းက သူမလက်ထဲက ယပ်တောင်ကို ဖျတ်ခနဲ ဖြန့်ကာ သူမရဲ့ ထင်ပေါ်ပြီး အသရေတင့်တဲ့ ဘက်ခြမ်းကို ကြွားရန် ရည်ရွယ်ချက်နဲ့ 'တစ်မိုးအောက် အချောမောဆုံး'ဆိုတဲ့ စာသားတွေကို ထုတ်ပြပြန်သည်။

"အစ်မဟယ်၊ အစ်မယွမ်!"

ဟယ်ဝမ်နင် နာမည်ပေးထားတဲ့ 'အတုမလေး'က စန်းလီနားနေဆောင် ထဲမှ အလုလေးနှစ်ယောက်ကို မြင်တဲ့အခါ တောက်ပစွာ ပြုံးပြပြီး မြင်းနီ ပေါ်ကနေ ခုန်ဆင်းလာသည်။ သူမက နှုတ်ခမ်းဘေးမှာ ရှောင်ချောင်းနဲ့ ဆင်တူ ချစ်စရာ ပါးချိုင့်လေးနှစ်ခုနဲ့အတူ ရွှင်လန်းတက်ကြွစွာ အပြေး ရောက်လာသည်။

"ဖွီးးး__"

ဟယ်ဝမ်နင်က ရှောင်ချောင်းအတု မျက်နှာပေါ်က သာမန်မဆန်တဲ့ အသားဖြူပုံကို သတိပြုမိပြီး 'ခေါက်ဆွဲအိုးထဲက ဆယ်ခါစ ခေါက်ဆွဲဖတ် လေး'ဆိုတဲ့ တင်စားချက်ကို ရုတ်တရက် တွေးမိသွားသည်။ သူမက ဒါကို အတော်လေး ရယ်စရာကောင်းတယ်လို့ တွေးမိပြီး ပြုံးချင်စိတ်ကို ထိန်းမရ ပေ။ ဘေးကနေ တံတောင်နဲ့ တွတ်နေတဲ့ ရှောင်ချောင်းကြောင့်သာ မဟုတ် ရင် အကျယ်ကြီး အော်ရယ်မိသွားလောက်သည်။

"အစ်မဟယ်၊ ဘာတွေသဘောကျနေတာလဲဟင်?"

ရှောင်ချောင်းအတုက ဟယ်ဝမ်နင်ကို နားမလည်နိုင်စွာနဲ့ မျက်လုံးလေး ပြူးပြီး ကြည့်နေသည်။ ဒီတစ်ယောက်ရဲ့ သရုပ်ဆောင်စွမ်းရည်က အတော် လေး ကောင်းတာပဲ သူတော့ နေ့လယ်စာအတွက် ကြက်ပေါင်တစ်ခု အပိုရ တော့မယ်!

ယွမ်ရွှယ်ယန်က ဘာတွေဖြစ်နေတယ်ဆိုတာ သဘောပေါက်ပြီး အနီရောင်တောက်တောက် မြင်းစီးဝတ်စုံ ဝတ်ဆင်ထားတဲ့ 'ယွီရှောင်ချောင်း'ကို ခပ်ဖျော့ဖျော့လေး ပြုံးပြလိုက်သည်။

"ညီမလေးရှောင်ချောင်း၊ သူက မင်းနဲ့တွေ့ရလို့ အရမ်းပျော်ပြီး ရယ်နေတာပါ"

"အစ်မယွမ်၊ အစ်မတို့ ဘယ်ကိုသွားဖို့ စီစဉ်နေကြတာလဲ? ဒီက သခင်လေးက..."

ရှောင်ချောင်းအတုက ရှောင်ချောင်းအစစ်ကို ရှုပ်ထွေးတဲ့ အကြည့်တစ်ခုနဲ့ ကြည့်နေပုံက လုံးဝကို ဟန်ဆောင်နေတာလို့ မထင်ရပေ။ ဒီတစ်ယောက်က 'ရုပ်ရှင်ဧကရီ' ဖြစ်ဖို့ တကယ် ထိုက်တန်တယ်!

"ကျွန်တော်က မင်းသားဆာအိမ်တော်က တော်ဝင်မင်းသားကော ပါ။ ဒီ အစ်မကြီးနှစ်ယောက်ကို နယ်စပ်မှာ အမဲလိုက်ဖို့ ကျွန်တော်ဖိတ်ထားတာလေ! စန်းလီနားနေဆောင်မှာ အရာယွီနဲ့ ဆုံလိမ့်မယ်လို့ ထင်မထားဘူး။ ကျွန်တော် ခင်ဗျားကို တွေ့ချင်နေခဲ့တာကြာပြီ!"

ယွီရှောင်ချောင်းက 'အရာရှိယွီ'နဲ့ အားတက်တရော စကားပြောလိုက်သည်။

"အိုး ဒါဆို ရှင်က အစ်မဟယ်ရဲ့ တစ်ဝမ်းကွဲမောင်လေးပေ့ါ! ကျွန်မတို့လည်း မြောက်ပိုင်းနယ်စပ်ကို သွားကြမလို့ပဲ။ စိတ်မရှိဘူးဆိုရင် ဒီခရီးကို အတူတူ သွားကြမလား?"

'အရာရှိယွီ'က သူတို့ကို နွေးနွေးထွေးထွေး ဖိတ်ခေါ်လိုက်သည်။

ယွီရှောင်ချောင်းက 'ဒီခရီး'ဆိုတဲ့ အသုံးကို သိပ်သဘောမကျတာကြောင့် အပြုံးတုတစ်ခု ညှစ်ထုတ်ပြီး ပြောလိုက်သည်။

"မလိုပါဘူး ကျွန်တော်တို့က သူငယ်ချင်းတစ်ယောက်ကို စောင့်နေကြသေးတာ..."

(သူပြောသွားတဲ့ 'ဒီခရီး'က 'သေလမ်း'လို့လည်း အဓိပ္ပာယ်ရပါတယ်)

သူမစကားကို အပြီးမသပ်နိုင်ခင်မှာ နူးညံ့တဲ့ အသံတစ်ခုက ကြားဝင်ပြောလာသည်။

"နောက်ကျသွားလို့ ခွင့်လွှတ်ကြပါ။ ညီတော်နဲ့ မိန်းမပျိုလေးနှစ်ယောက်ကို စောင့်ရအောင် လုပ်မိပြီ!"

"မင်းတို့တွေ သိပ်လွန်တယ်။ မြောက်ပိုင်းနယ်စပ်ဆီ သွားလည်ကြမှာကို ငါဆိုတဲ့ တတိယသခင်လေးနင်းကိုတောင် မဖိတ်ကြဘူး!"

ပါလေရာသူကြီး နင်းသုန့်ဟွမ်းရဲ့ အသံကိုလည်း ကြားလိုက်ရသည်။

သူငယ်ချင်းကောင်းသုံးယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း 'နင်းညီအစ်ကိုတွေ ဘာလို့ ရောက်လာကြတာလဲ' ဆိုပြီး တွေးနေကြသည်။

"ဒီနှစ်ယောက်ကို ဘယ်သူဖိတ်လိုက်တာလဲ?"

ဟယ်ဝမ်နင်က ယောကျ်ားလေးယောင် ဆောင်ထားတဲ့ ယွီရှောင်ချောင်းကို တိုးတိုးလေး ကပ်မေးလိုက်သည်။

ယွီရှောင်ချောင်းက သူမသူငယ်ချင်းနှစ်ယောက်ကို လက်ဖြန့်ပြီး ပုခုံးတွန့်ပြလိုက်သည်။ သူမရဲ့ပုံစံက 'ဒီညီအစ်ကိုနှစ်ယောက် ဒီကို ဘာကြောင့် ရောက်လာတယ်ဆိုတာ ဘုရားပဲသိလိမ့်မယ်။ ဒီသခင်လေးကတော့ သူတို့ကို ဖိတ်မနေဘူး ဟုတ်ပြီလား?' ဆိုပြီး ရှင်းရှင်းလင်းလင်း ပြောနေသည်။

"မိန်းကလေးဟယ်၊ မိန်းကလေးယွမ်"

နင်းသုန့်လန်က အဖြူရောင်ဝတ်ရုံ ဝတ်ထားပြီး သူ့ရဲ့ရှည်လျား နက်မှောင်

တဲ့ ဆံပင်ကို ကျောမှာ ချထားကာ တချို့ကို ကြေးဆံပတ်ဖြင့် သိမ်းစည်းထားသည်။ သူပုံစံက နူးညံ့ပြီး ကျက်သရေရှိတဲ့ လူရွယ်တစ်ယောက်၏ အကောင်းမွန်ဆုံး ဥပမာပင်။ သူက ရှောင်ချောင်းဘက်ကို လှည့်ကာ အပြုံးဖျော့လေးနှင့်

"ညီတော်၊ ဒီအစ်ကိုကြီး ရောက်နောက်ကျသွားတယ်။ ကိုယ့်အမှားပါ!"

"အစ်ကိုကြီး! ဘယ်တုန်းကများ ဒီလောက်ငယ်တဲ့ ကောင်လေးတစ်ယောက်နဲ့ ရင်းနှီးသွားခဲ့တာလဲ?"

နင်းသုန့်ဟွမ်းက ရွှတ်ခနဲ ရောက်လာပြီး သပ်သပ်ရပ်ရပ် ပြန်ဖီးထားတဲ့ ရှောင်ချောင်းရဲ့ခေါင်းကို လာကိုင်ဖို့လုပ်သည်။ သူမက ချက်ချင်း ရှောင်လိုက်ပြီး

"ခင်ဗျား အတော်ရိုင်းတဲ့လူပဲ! ယောကျ်ားတစ်ယောက်ရဲ့ ခေါင်းနဲ့ မိန်းကလေးတစ်ယောက်ရဲ့ ခါးကို မထိရဘူးဆိုတာ မသိဘူးလား အာ?"

ယွီရှောင်ချောင်းက လေသံတိမ်တိမ်နဲ့ သူ့ကိုငေါက်လိုက်ပေမယ့် သူမအသံထဲက ငယ်ရွယ်မှုကိုတော့ မဖုံးကွယ်နိုင်ပေ။ သို့ပေမယ့် နင်းသုန့်ဟွမ်းကို ဒေါသတကြီး စိုက်ကြည့်နေတဲ့ သူမရဲ့ လက်ရှိပုံစံက ဆယ့်နှစ်၊ ဆယ့်သုံးအရွယ်ဝန်းကျင် လူငယ်လေးတစ်ယောက်နဲ့ အရမ်းတူနေသည်။ ထို့ကြောင့် ကလေးဆန်တဲ့အသံ ရှိတာက လက်ခံနိုင်စရာကောင်းသည်။

"ဘွားဟားဟား!"

နင်းသုန့်ဟွမ်းရဲ့ရယ်သံက ဟယ်ဝမ်နင်ထက်ပင် ဆိုးဝါးလှသည်။ သူက သူ့ဗိုက်ကိုကိုင်ပြီး ဟားတိုက်လိုက်သည်။

"မင်းက? မင်းလိုကောင်လေးက နှုတ်ခမ်းမွေးတောင် မထွက်သေးတာကို ဘယ်လိုလုပ် 'ယောကျ်ားတစ်ယောက်'လို့ သတ်မှတ်နိုင်မှာလဲ။ ကြည့်! ဒီ

သခင်လေးရဲ့ ပုံပန်းသွင်ပြင်ကမှ ယောကျ်ားတစ်ယောက်လို့ သတ်မှတ်လို့ရတာကွ!"

သူက ပြောရင်းဆိုရင်း အင်္ကျီလက်မြှောက်ပြီး ဗလပင်ထုတ်ပြလိုက်သေးသည်။

ယွီရှောင်ချောင်းက ခနဲ့တဲ့တဲ့ ရယ်လိုက်သည်။

"ဟက်ဟက်! ခင်ဗျားလို ကြွက်သားပြုတ် ဖြူဖြူလေးကများ ကိုယ့်ကိုယ်ကို ယောကျ်ားတဲ့? တကယ် ယောကျ်ားပီသတဲ့သူဆိုတာ ကျွန်တော့်ရဲ့... အဖေဘက်က ဝမ်းကွဲအစ်ကို တော်ဝင်မင်းသားယန်လို လူမျိုး။ ဒေါင်ကောင်းကောင်း၊ သန်သန်မာမာ၊ ဟန်ပန်ကျကျနဲ့ တစ်ကိုယ်လုံးကြွက်သားတွေအပြည့်ပဲ!"

နင်းသုန့်ဟွမ်းက ပြန်ပက်ချင်ပေမယ့် တော်ဝင်မင်းသားယန်ရဲ့ အားကြီးတဲ့ အရှိန်အဝါကိုတော့ မငြင်းဆိုဝံ့ပေ။ သူက နှာတစ်ချက်မှုတ်ပြီးသာ ပြန်ပြောလိုက်သည်။

"မင်းရဲ့ဝမ်းကွဲအစ်ကိုက မင်းရဲ့ဝမ်းကွဲအစ်ကို။ မင်းကမင်း! ငါက ကြွက်သားပြုတ် ဖြူဖြူလေးဆို မင်းက သေးကွေးအားနည်းနေတဲ့ ကြွက်ပေါက်လေးပဲ!"

"တိတ်စမ်း! ဒီမင်းသားငယ်ကို လာမဆွနဲ့ မဟုတ်ရင် ခင်ဗျားသွားတွေကျွတ်ကျတဲ့အထိ ကျုပ်သက်တော်စောင့်တွေနဲ့ ရိုက်ခိုင်းပစ်လိုက်မယ်! အစ်ကိုနင်း၊ ဘာလို့ အစ်ကို့ရဲ့ အရူးညီကို ခေါ်လာရတာလဲ? ဒီလူက ကောင်းကျိုးမဖြစ်ဘူး ဆိုးကျိုးပဲဖြစ်စေတာ။ သူ့ကြောင့် ကျွန်တော်တို့ရဲ့ အစီအစဉ် ပျက်ဆီးသွားရင် ဘယ်လိုလုပ်မလဲ?"

အကြီးဆုံးသခင်လေးနင်းကို ဖိတ်ကြားခဲ့သူက သူမ မဟုတ်ပေမယ့်

အကြောင်းအရင်းတစ်ခုကြောင့် ရောက်လာတယ်ဆိုတာ သေချာသည်။ ဒါဆိုရင် တခြားဖြစ်နိုင်ချေက တစ်မျိုးပဲ ရှိတော့တယ်__ ဧကရာဇ်က သူမကို ကာကွယ်ပေးဖို့ နင်းသုန့်လန်ကို ပို့လိုက်တာပဲ။

"မင်းရဲ့အစီအစဉ် ဟုတ်လား? ဘာအစီအစဉ်လဲ? ခရီးထွက်ဖို့ အစီအစဉ်လား ဒါမှမဟုတ် အမဲလိုက်ဖို့လား?"

နင်းသုန့်ဟွမ်းက ရှေ့ကိုရောက်လာပြီး စပ်စုမှုအပြည့်နဲ့ မေးသည်။

"အရင်တစ်ခေါက်တုန်းက ကျွန်တော့်ရဲ့ ဝမ်းကွဲအစ်ကိုယန်က နယ်စပ်ကနေ ကျားဖြူကြီးတစ်ကောင် မိလာခဲ့တာ။ ကျွန်တော့်ခမည်းတော်က အဲ့ကျားရဲ့သားရေကို မျက်စိကျနေခဲ့တာ ကြာပြီ။ အဲ့ဒါကြောင့် ဒီမင်းသားငယ်လည်း ကျားဖြူတစ်ကောင် အမဲလိုက်ပြီး ကျားသားရေကို ခမည်းတော်အတွက် မွေးနေ့လက်ဆောင်ပေးမယ်ဆိုပြီး ဆုံးဖြတ်လိုက်တာ!"

ယွီရှောင်ချောင်းက မျက်တောင်တစ်ချက်မခတ်ဘဲ လိမ်ပြောပြီး နင်းသုန့်ဟွမ်းကို အခက်အခဲမရှိ အယုံသွင်းနိုင်ခဲ့သည်။ ထိုအခါ နင်းသုန့်ဟွမ်းက ဟစ်ကြွေးပြီး သူလည်း ကျားဖြူအမဲလိုက်ဖို့ ကူညီချင်တယ်ဆိုပြီး အော်နေတော့သည်။

"မိန်းကလေးယွီက သူ့ရဲ့အမဲလိုက်ခွေးနှစ်ကောင်ကို မြင်းခြံဆီ ခေါ်လာခဲ့မလားတော့ မသိဘူး။ အဲ့နှစ်ကောင်ကိုသာ ငါတို့ငှားနိုင်မယ်ဆိုရင် ကျားဖြူကို အမဲလိုက်ဖို့ အများကြီး လွယ်သွားမှာ သေချာတယ်!"

နင်းသုန့်ဟွမ်းက ရှောင်ချောင်းရဲ့ အချစ်တော် မြေခွေးနှစ်ကောင်ကို ယခုအချိန်ထိ စွဲလမ်းနေဆဲပင်။

***